သတင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်

# မြန်မာနိုင်ငံအတွင်း စစ်အုပ်စုအတွက် အကျိုးအမြတ်ဖြစ်စေသည့် စီးပွားရေးလုပ်ငန်းများကို ရပ်တန့်ရန် ဂျပန်ဘဏ္ဍာရေးကဏ္ဍကုမ္ပဏီများအား တိုက်တွန်း

ayus:Network of Buddhists Volunteers on International Cooperation

Friends of the Earth Japan

Justice For Myanmar

Japan International Volunteer Center (JVC)

Network Against Japan Arms Trade (NAJAT)

Pacific Asia Resource Center (PARC)

Mekong Watch

ဂျပန်ဘဏ္ဍာရေးကဏ္ဍမှကုမ္ပဏီများဖြစ်ကြသည့် Daiwa Institute of Research (DIR) နှင့် Japan Exchange Group (JPX) တို့သည် စစ်အုပ်စုအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေသည့် ငွေကြေးလွှဲပြောင်းမှုများကို ပံ့ပိုးကူညီပေးနေသော၊ စစ်အုပ်စုထိန်းချုပ်ထားသည့် ဖက်စပ်စီးပွားရေးလုပ်ငန်းများတွင် ဆက်လက်ပါဝင်ပတ်သက်နေမှုအပေါ် စိုးရိမ်ပူပန်ကြောင်း Justice For Myanmar၊ Mekong Watch နှင့် ဂျပန်အဖွဲ့အစည်း ငါးဖွဲ့တို့က ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းပံ့ပိုးကူညီမှုများတွင် ငွေတိုက်စာချုပ်များအတွက် အကျိုးဆောင်လုပ်ငန်း ဝန်ဆောင်မှုပေးခြင်းနှင့် စစ်တပ်ဆက်နွှယ်ကုမ္ပဏီများအား စတော့ရှယ်ယာဈေးကွက်တွင် စာရင်းသွင်းပေးခြင်းတို့ ပါဝင်သည်။

စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှု ငါးနှစ်ကြာပြီးနောက်၊ လေကြောင်းတိုက်ခိုက်မှုများနှင့် နိုင်ငံတကာရာဇဝတ်မှုများ တိုးမြင့်လာချိန်တွင်ပင် DIR နှင့် JPX တို့သည် ပိတ်ဆို့အရေးယူခံထားရသော အဖွဲ့အစည်းများနှင့် စစ်တပ်စီးပွားရေးလုပ်ငန်းစုများနှင့် ဆက်နွှယ်မှုရှိကြောင်း မှတ်တမ်းရှိထားသည့် စီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေရှာဖွေနိုင်ရန် အားပေးကူညီနေသော ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများတွင် ဆက်လက် ပါဝင်ပတ်သက်နေဆဲ ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် မိမိတို့အဖွဲ့များသည် DIR နှင့် JPX တို့ထံသို့ စာများရေးသားပေးပို့၍ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ပြောကြားခဲ့ပြီး၊ ကုမ္ပဏီများအနေဖြင့် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစိစစ်မှုများအား ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိ နှင့် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရုပ်သိမ်းရန် အစီအစဉ် ရှိ/မရှိ စသည့် မေးခွန်းများကို မေးမြန်းခဲ့သည်။

DIR နှင့် JPX နှစ်ဖွဲ့လုံးက နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများအပေါ် ၎င်းတို့၏ ကတိကဝတ်ပြုမှုကို ဖော်ပြခဲ့ကြသော်လည်း၊ မိမိတို့အဖွဲ့များက မေးမြန်းထားသည့်မေးခွန်းများအပေါ် ခိုင်လုံသော မည်သည့်တုန့်ပြန်ချက်အဖြေကိုမှ ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိပေ။

**စစ်အုပ်စုအတွက် ငွေရှာပေးနေသည့် ငွေတိုက်စာချုပ်များနှင့် စတော့ရှယ်ယာများ**

ဂျပန်နိုင်ငံသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဈေးကွက်အတွက် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လည်ပတ်စေခြင်းတို့တွင် အဓိကနေရာမှ ပါဝင်နေသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဈေးကွက်အတွက် အထောက်အပံ့များကို ယခင်ကတည်းက အစိုးရ-ပုဂ္ဂလိက <u>အလုံးစုံပူးပေါင်းဆောင်ရွက်မှု</u> <u>“All Japan” အစီအစဉ်ဖြင့်</u> ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး၊ ထိုအထဲတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေများနှင့် <u>လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း</u>၊ ရင်းနှီးမြှုပ်နှံမှုဈေးကွက်ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း၊ စတော့အိပ်ချိန်းဈေးကွက် တည်ထောင်ခြင်းတို့အပြင် ဂျပန်အစိုးရ၊ ၎င်း၏အဖွဲ့အစည်းများနှင့် ကုမ္ပဏီများထံမှ ဥပဒေရေးရာ ပံ့ပိုးကူညီမှုများလည်း ပါဝင်သည်။

DIR သည် မြန်မာနိုင်ငံတွင် ရှည်လျားသော သမိုင်းကြောင်းရှိပြီး၊ အဆိုပါ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းအားထုတ်မှုအတွင်း အလွန်နက်ရှိုင်းစွာ ပါဝင်နေခဲ့သည်။

DIR ၏ ထိုစဉ်ကဥက္ကဋ္ဌသည် ယခင်စစ်အာဏာရှင်ဟောင်းများလက်ထက် ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးဝင်ရောက်ခဲ့သည်။ DIR သည် ယခင်စစ်အာဏာရှင်ခေါင်းဆောင်များနှင့် ဆက်ဆံရေးတည်ဆောက်ခဲ့ပြီး၊ နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် ဖက်စပ်လုပ်ငန်းမှတဆင့် မြန်မာငွေချေး သက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးစင်တာ (MSEC) ကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ယင်းစင်တာသည် ငွေတိုက်စာချုပ်များအတွက် အကျိုးဆောင်မှုများ၊ စတော့ရှယ်ယာများအား ကောင်တာဖွင့် ရောင်းဝယ်မှုများ စသည့်ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။

မြန်မာစစ်တပ်၏၂၀၂၁ ခုနှစ် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ကနေဒါနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့ထားသော MEB ကို စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားပြီး၊ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရန်အတွက် နိုင်ငံခြားငွေရရှိစေရန် အသုံးပြုနေသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်က “မြန်မာ့စီးပွားရေးဘဏ် အပါအဝင် မြန်မာနိုင်ငံရှိ နိုင်ငံပိုင်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဆက်ဆံရေးအားလုံးကို ရပ်ဆိုင်းရန် သို့မဟုတ် ဆိုင်းငံ့ထားရန်” ဘဏ္ဍာရေးအဖွဲ့အစည်းများအား အတိအလင်း အကြံပြုထားသည်။ ထို့အပြင် အခြားသော နိုင်ငံပိုင်ဘဏ်များအပေါ် အရေးယူမှုများ တိုးမြင့်လာချိန်တွင် စစ်လက်နက်ပစ္စည်းများဝယ်ယူနိုင်ရေး ဘဏ္ဍာငွေ ရှာဖွေပေးရာ၌ MEB ၏ အရေးပါသောအခန်းကဏ္ဍကို ကုလသမဂ္ဂကျွမ်းကျင်သူက ထောက်ပြပြောဆိုခဲ့သည်။

MEB နှင့် MSEC တို့ကို ၂၀၁၀ ခုနှစ်မှစတင်၍ အစိုးရချေးငွေသက်သေခံလက်မှတ်များအတွက် ကိုယ်စားဝယ်ယူသူနှင့် အရောင်းကိုယ်စားလှယ်များအဖြစ် ခန့်အပ်ထားသည်။ မြန်မာနိုင်ငံတွင် ငွေတိုက်စာချုပ်များကို ယခုအခါ စစ်အုပ်စုက တရားမဝင်ထိန်းချုပ်ထားသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ငွေတိုက်ဦးစီးဌာနက ထုတ်ဝေပေးပြီး၊ မြန်မာနိုင်ငံဗဟိုဘဏ်က လေလံပွဲများကျင်းပကာ ငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချခြင်းကို စီမံခန့်ခွဲပေးသည်။

အဆိုပါငွေတိုက်စာချုပ်များကို ရောင်းဝယ်ပေးခြင်းအားဖြင့် MSEC သည် နိုင်ငံတကာရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းကင်းလွတ်စွာဖြင့် ကျူးလွန်လျက်ရှိသည့် စစ်အုပ်စုအတွက် ဘဏ္ဍာငွေရှာဖွေရေးကို ကူညီပံ့ပိုးနေခြင်းဖြစ်သည်။

MSEC သည် ဒဏ်ခံပိတ်ဆို့ခံထားရသော အဖွဲ့အစည်းများအတွက် ရင်းနှီးမြှုပ်နှံသူများထံမှ ဘဏ္ဍာငွေ ရှာဖွေနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ်လည်း လုပ်ဆောင်ပေးခဲ့သည်။ MSEC က စာရင်းသွင်းပေးထားသည့် ယင်းအဖွဲ့အစည်းများအနက်တစ်ခုမှာ အီးယူဒဏ်ခတ်ပိတ်ဆို့ထားသော Forest Products Joint Venture (FPJV) ဖြစ်သည်။ စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း (MTE) သည် FPJV ကို တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ထားပြီး၊ ယင်းမြန်မာ့သစ်လုပ်ငန်းကို အမေရိကန်၊ ဥရောပသမဂ္ဂ၊ ကနေဒါနှင့် ယူကေတို့က ဒဏ်ခတ်ပိတ်ဆို့ထားသည်။ FPJV ကို အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း အနည်းဆုံးတစ်နှစ်ကြာသည်အထိ MSEC ဝက်ဘ်ဆိုက်တွင် စာရင်းသွင်းထားခဲ့သော်လည်း ယခုအခါ ပြန်လည်ဖြုတ်ချထားပြီးဖြစ်သည်။

**ရန်ကုန်စတော့အိတ်ချိန်း (YSX) က စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးများနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများ ဘဏ္ဍာငွေရှာဖွေနိုင်စေရန် ထောက်ကူပေးနေ**

JPX သည် DIR နှင့် MEB တို့ပါဝင်သော ဖက်စပ်လုပ်ငန်းတစ်ခုမှတဆင့် ၂၀၁၅ ခုနှစ်တွင် YSX ကိုတည်ထောင်ခဲ့သည်။

YSX တည်ထောင်ရေးအတွက် ဂျပန်နိုင်ငံ၏အထောက်အပံ့သည် <u>တစ်စုံလုံးအတိုင်းအတာအဖြစ်</u> ပေးအပ်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းတို့တွင် အဖွဲ့အစည်းနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် စနစ်များဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ပါဝင်ခဲ့သည်။

ယင်းပံ့ပိုးမှုများတွင် မြန်မာ့စတော့အိတ်ချိန်းနှင့် ကြီးကြပ်ရေးအာဏာပိုင်များအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ရန်ပုံငွေဖြင့် လုပ်ဆောင်ခဲ့သော <u>အသိပညာဖလှယ်ရေးအစီအစဉ်</u> နှင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းသွင်းမည့်ကုမ္ပဏီသစ်များအတွက် အကြံပေးဝန်ဆောင်မှုများပေးအပ်ခြင်းတို့ ပါဝင်သည်။

စိုးရိမ်စရာကောင်းသည်မှာ စတင်တည်ထောင်ချိန်မှစ၍ YSX သည် စစ်တပ်စီးပွားရေးလုပ်ငန်းကြီးများနှင့် စီးပွားရေးလုပ်ဆောင်နေသည့် ကုမ္ပဏီများအပါအဝင် ခရိုနီကုမ္ပဏီများကို <u>စာရင်းသွင်းပါဝင်</u>စေခဲ့ခြင်း ဖြစ်သည်။ YSX

သည် နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံထားသည့် စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီး MEHL နှင့် ဆက်နွှယ်မှုရှိကြောင်း မှတ်တမ်းရှိထားသည့် ခရိုနီကုမ္ပဏီ Ever Flow River Group ကို စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီအဖြစ် စာရင်းသွင်းထားသည်။

YSX စာရင်းဝင် အခြားကုမ္ပဏီတစ်ခုဖြစ်သည့် First Myanmar Investment Public Co., Ltd. (FMI) သည် ရိုးမဘဏ် (Yoma Bank) ကိုပိုင်ဆိုင်ထားပြီး၊ ထိုဘဏ်သည် နိုင်ငံတကာမှ ဒဏ်ခတ်ပိတ်ဆို့ထားသော အခြားစစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) က တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သည့် ဆက်သွယ်ရေးအော်ပရေတာ မိုင်တဲလ် အပါအဝင် စစ်တပ်ကုမ္ပဏီများနှင့် စီမံကိန်းများအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်နေသည်။

YSX သည် ၎င်း၏ ပဏာမစာရင်းဝင် ကုမ္ပဏီများစာရင်းတွင် Myanma Agricultural & General Development Public Co., Ltd. (MADPL) ကိုလည်း ထည့်သွင်းထားပြီး၊ ယင်းကုမ္ပဏီသည် မိုင်တဲလ်တွင် ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံတွင် ပုံမှန်အတိုင်း စီးပွားရေးလုပ်ဆောင်သည့် ချဉ်းကပ်ပုံစံကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် JPX နှင့် DIR တို့သည် ဒဏ်ခတ်ပိတ်ဆို့ခံထားရသော စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းကြီးများနှင့် ဆက်နွယ်မှုရှိကြောင်း မှတ်တမ်းရှိထားသည့်ကုမ္ပဏီများအား စာရင်းသွင်းပေးနေသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးအဖွဲ့အစည်းတစ်ခုအား အဖွဲ့အစည်းဆိုင်ရာယုံကြည်စိတ်ချရမှုကို အပ်နှင်းပေးနေပြီး၊ အဆိုပါကုမ္ပဏီများအား ၎င်း၏ပလက်ဖောင်းမှတဆင့် ငွေကြေးရှာဖွေခြင်းကိုလည်း ခွင့်ပြုထားကာ၊ MEB အတွက်ပါ ဂုဏ်သိက္ခာခဝါချပေးနေခဲ့ခြင်းဖြစ်သည်။

**Mekong Watch ၏ အမှုဆောင်ဒါရိုက်တာ Yuka Kiguchi က** "JPX နဲ့ DIR နှစ်ဖွဲ့လုံးက လူ့အခွင့်အရေးစံနှုန်းတွေကို စောင့်ထိန်းလိုက်နာပါတယ်လို့ ပြောဆိုနေကြပေမဲ့၊ ဘယ်ကုမ္ပဏီကမှ သူတို့လုပ်ဆောင်ခဲ့တဲ့ လူ့အခွင့်အရေးဆိုင်ရာတင်ကြိုစိစစ်မှုတွေက တွေ့ရှိချက်တွေ ဒါမှမဟုတ် ဂျပန်အစိုးရနဲ့ ဆွေးနွေးခဲ့တဲ့ အချက်အလက်အသေးစိတ်တွေကို ထုတ်ပြန်ပြောကြားတာ မရှိတဲ့အတွက် သူတို့ပြောဆိုထားတဲ့ ကတိကဝတ်တွေရဲ့ ယုံကြည်စိတ်ချရမှုအပေါ် မေးခွန်းထုတ်စရာဖြစ်စေပါတယ်။ ODA ပံ့ပိုးပေးခြင်းအပါအဝင် တက်ကြွစွာပါဝင်ပတ်သက်နေတဲ့ ဂျပန်အစိုးရအနေနဲ့လည်း တာဝန်ယူတာဝန်ခံမှုရှိရာမှာဖြစ်ပြီး၊ ကုမ္ပဏီတွေကို

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး တိုက်တွန်းဖို့ တာဝန်ရှိပါတယ်။ ဂျပန်ကုမ္ပဏီတွေနဲ့ အစိုးရအနေနဲ့ ဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်လက်ကျူးလွန်နေတဲ့ မြန်မာစစ်အုပ်စုအတွက် ဘဏ္ဍာငွေရှာဖွေရေးတွေမှာ ဘယ်လိုပုံစံနဲ့မှ ပါဝင်ပတ်သက်တာမျိုး မပြုလုပ်သင့်ပါဘူး” ဟု ပြောကြားခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “နိုင်ငံတဝှမ်း လေကြောင်းတိုက်ခိုက်မှုတွေ အရှိန်မြှင့်လုပ်ဆောင်နေပြီး၊ နိုင်ငံတကာရာဇဝတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း လွတ်ကင်းစွာနဲ့ ကျူးလွန်နေတဲ့ စစ်အုပ်စုအတွက် အကျိုးဖြစ်စေမယ့် ငွေကြေးစီးဆင်းမှုတွေကို လွယ်ကူချောမွေ့အောင် ပံ့ပိုးပေးတာတွေမှာ ဂျပန်ကုမ္ပဏီတွေ ဆက်လက်ပါဝင်နေတာက လုံးဝလက်ခံနိုင်ဖွယ်မရှိပါ။ ဂျပန်နိုင်ငံက မြန်မာ့ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဖွံ့ဖြိုးရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တဲ့အတွက်၊ စစ်အုပ်စုထံ ဘဏ္ဍာငွေစီးဆင်းမှုနဲ့ ဘဏ္ဍာရေးကဏ္ဍပံ့ပိုးမှုတွေ ရပ်တန့်နိုင်ရေး အရေးယူဆောင်ရွက်မှုတွေကို အခုချက်ချင်းပဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီတွေအနေနဲ့ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းတွေနဲ့ လမ်းညွှန်ချက်တွေ အရ ၎င်းတို့ရဲ့တာဝန်ဝတ္တရားတွေကို စောင့်ထိန်းလိုက်နာရမှာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အရပ်ဘက်အဖွဲ့စည်းများမှ ပေးပို့သောစာများကို ဖော်ပြထားပါသည်။ (ဂျပန်ဘာသာစာများအောက်တွင် အင်္ဂလိပ်ဘာသာဖြင့်လည်း ထည့်သွင်းထားပါသည်)

DIR
JPX

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲဖြင့် Daiwa Institute of Research and Japan Exchange Group တို့ထံမှ ပြန်ကြားစာများ ဖြစ်ပါသည်။ (ဂျပန်ဘာသာဖြင့်သာ ဖြစ်ပါသည်)

DIR
JPX

**ဆက်သွယ်ရန်**

Yuka Kiguchi, Mekong Watch: contact@mekongwatch.org

Yadanar Maung, Justice For Myanmar: media@justiceformyanmar.org